# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကြံ့ခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကမ်းပျို ကျေးရွာ၊ အလုံ အုပ်စု

၂၀၁၈ ခုနှစ် ကြံ့ခင်းမြို့

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ဥ ဒိုင် ပြည် နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် အလုံကျေးရွာအုပ်စုပြမြေပုံ




အလုံကျေးရွာအုပ်စု ပြမြေပုံ

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

အလုံကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. အလုံ (မြောက်စု) ကျေးရွာ

၂. သုံးတဲစု ကျေးရွာ

၃. ကြာအင်းလေး ကျေးရွာ

၄. ရှားဘို ကျေးရွာ

၅. ပေါက်တူး ကျေးရွာ

၆. ရွာသစ်ကြီး ကျေးရွာ

၇. ရွာသစ်ကလေး ကျေးရွာ

**၈. ကမ်းပြို ကျေးရွာ**

၉. အလုံ(တောင်) ကျေးရွာ

၁၀. သာယာကုန်း ကျေးရွာ

အလုံ ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၁၀)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

၄။ ကျေးရွာအခြေခံအချက်အလက်များ

ကမ်းပျို ကျေးရွာသည် ရောဂတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ အလုံအုပ်စု တွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ ကြံခင်းမြို့နှင့် ၁၆မိုင်ခန့် ကွာဝေးပြီး ကျေးရွာ အုပ်စု၏ အလည်ဗဟိုနှင့် ၄ဖာလုံခန့် ကွာဝေးပါသည်။ အိမ်ခြေ ( ၂၈ )အိမ်ခန့် ရှိပြီးလူဦးရေမှာ ကျား ၃၉ ဦး မ ၄၁ ဦး ရှိပါသည်။ မသန်စွမ်းသူ အမျိုးသား (၃)ဦးရှိပါသည်။ အများစုမှာ ဗမာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပေါက်တူးရွာ တည်ရှိပြီး အနောက်ဘက်တွင် စမ်းမြောင်ကျေးရွာတည်ရှိပါသည်။ တောင်ဘက်တွင် ရွာသစ်ကြီးကျေးရွာ တည်ရှိပြီး မြောက်ဘက်တွင် အလုံတောင်ကျေးရွာတည်ရှိပါသည်။ ယခင်အချိန်က ရွာတည်သောနေရာ ကမ်းပါးများ ပြိုကျသောကြောင့် ကမ်းပျို ကျေးရွာခု အမည်တွင်ခဲ့သည်။

ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်း ဖြစ်ပြီး လက်လုပ်လက်စား ရှိပါသည်။ ကျေးရွာတွင်းရှိ လမ်းများမှာ မြေသားလမ်း ဖြစ်ခဲ့၍ ကိုယ်ထူကိုယ်ထ ပြုပြင်ထားကြပြီး ၂၀၁၇ ခုနှစ်တွင် စီမံကိန်းဖြင့် ချောင်းကျောက်လမ်းခင်းခြင်းများ ပြုလုပ်ကြသည်။ ကျေးရွာသို့ အုပ်စုဗဟိုမှ မော်တော်ဆိုင်ကယ်ဖြင့် ၁၀မိနစ်ခန့် မောင်းနှင်ရပြီး ကြံခင်းမြို့မှ ၅၅ မိနစ် ခန့်မောင်းနှင်ရသည်။ ရေအရင်းအမြစ် အနေဖြင့် အလုံချောင်းမှ ရေကိုသာ အသုံးပြုကြရပြီး ရေတွင်းရေကန် ရှားပါးသည်။ ထို့ကြောင့် ပထမနှစ်စက်ဝန်းတွင် ရေကန်နှင့် ချောင်းရေတင်ခြင်း လုပ်ငန်းပြုလုပ်ခဲ့သည်။ လျှပ်စစ်မီး မရရှိသေးသည့်အတွက် အင်ဂျင်မီးလုပ်ငန်းကို ဒုတိယနှစ်စက်ဝန်းတွင် ပြုလုပ်ခဲ့ကြရသည်။ ကျန်းမာရေးအနေဖြင့် အုပ်စုတွင် ကျေးလက်ဆေးပေးခန်း တည်ရှိသည်။ ပညာရေးအနေဖြင့် အုပ်စုတွင်းရှိ အလယ်တန်းကျောင်းခွဲတွင် အလယ်တန်းအဆင့် ပညာသင်ကြားနိုင်ပြီး မူလတန်းကျောင်းလည်း မရှိပါ။ ဘာသာရေးကိုင်းရှိုင်းသူများ ဖြစ်ကြသည်။

သဘာဝ ဘေးအန္တရာယ်အနေဖြင့် ကြီးကြီးမားမား ကြုံတွေ့ခဲ့ရဖူးခြင်းမျိုး မရှိ သော်လည်း ၂၀၁၆ ခုနှစ် မိုးရေကြီးခြင်း ကြုံတွေ့ရသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၀.၉.<br>၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၁၃ | ၁၅ | ၂၈ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၀.၉.<br>၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၃ | ၁၅ | ၂၈ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၀.၉.<br>၂၀၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၁၃ | ၁၅ | ၂၈ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၀.၉.<br>၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၁၃ | ၁၅ | ၂၈ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၀.၉.<br>၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | ၁၃ | ၁၅ | ၂၈ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၀.၉.<br>၂၀၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၃ | ၁၅ | ၂၈ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၀.၉.<br>၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၃ | ၁၅ | ၂၈ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၀.၉.<br>၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၃ | ၁၅ | ၂၈ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | ၂၀.၉.<br>၂၀၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | ၁၃ | ၁၅ | ၂၈ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ


(က) လူမှု နှင့် သဘာဝအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်

ရောဂတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ အလုံအုပ်စုတွင် ကမ်းပျို ကျေးရွာ တည်ရှိပါသည်။ လူမှု နှင့် သဘာဝအရင်းအမြစ်ပြမြေပုံ အား ရေးဆွဲခြင်းဖြင့် ကျေးရွာ၏ တည်ရှိပုံကို သိရှိပြီး ဒေသထွက် အရင်းအမြစ်များ ဖြစ်သော လယ်၊ ကိုင်း၊ ချောင်း၊ တံတား အစရှိသည်တို့ကို ကောင်းစွာ အသုံးချတတ်စေရန်ဖြစ်သည်။ အရင်းအမြစ် မြေပုံအား အသုံးချ၍ ကမ်းပျိုကျေးရွာ၏ မျှော်မှန်းချက်များ၊ အခက်အခဲများနှင့် ဦးစားပေး လိုအပ်ချက် လုပ်ငန်းများကို ကောင်းစွာ ဖော်ထုတ် သုံးသပ်နိုင်ခဲ့ကြပါသည်။

ပထမနှစ်လုပ်ငန်း အဖြစ် ကျေးရွာတွင် သောက်သုံးရေကန် တည်ဆောက် အသုံးပြုခဲ့ကြပြီး၊ ဒုတိယနှစ် လုပ်ငန်းကို ကျေးရွာတွင်း ချောင်းကျောက်လမ်း နှင့် အင်ဂျင်မီးလင်းရေး လုပ်ငန်း ထပ်မံတည်ဆောက်ခဲ့ကြပါသည်။ တတိယနှစ် စက်ဂန်း၌ ကျေးရွာလိုအပ်ချက် လုပ်ငန်းဖြစ်သော ရွာချင်းဆက်တံတားပြုပြင်ခြင်း လုပ်ငန်းအား ဖော်ထုတ်သုံးသပ် ရွေးချယ်နိုင်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကမ်းပျို ကျေးရွာတွင် နေထိုင်သော ကျေးရွာလူထု အနေဖြင့် ရာသီအလိုက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် သဘာဝအရင်းအမြစ်၊ လူမှုအရင်းအမြစ် များအပေါ် မှီခိုစားသောက် လုပ်ကိုင်မှုများကို ကောင်းစွာ သုံးသပ်တတ်စေရန် ဖြစ်သည်။ အလုပ်အကိုင်များအပေါ် မူတည်ပြီး ဝင်ငွေရရှိမှု၊ အစားအစာ ဖူလုံမှုတို့ကို သိရှိခြင်းဖြင့် ကြိုတင်စုဆောင်းနိုင်ရန်နှင့် ရာသီအလိုက် ဖြစ်တတ်သော ရောဂါများကို သိရှိခြင်းဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန်ရည်ရွယ်ပါသည်။ ထို့ပြင် ကျေးရွာ၏ အားလပ်ချိန် အလုပ်အကိုင်ရှားပါးချိန်တွင် စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် အတွက် ရေးဆွဲဆုံးဖြတ် သုံးသပ်နိုင်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှု စီးပွားအဆင့် သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်





လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

(ဂ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ကမ်းပျို ကျေးရွာတွင် နေထိုင်သူများ၏ စီးပွားရေးအခြေအနေအရ ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ချက်များ ပြုလုပ်ခဲ့ကြပါသည်။ ထိုကဲ့သို့ရေးဆွဲ သတ်မှတ်ရခြင်းမှာ ကျေးရွာအတွင်း စီးပွားရေး အခြေအနေ ကွာခြားချက်များကို သိရှိစေရန်နှင့် ၎င်းအုပ်စုများအားလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ဆောင်ခြင်းတွင် ပါဝင်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှ အကျိုးအမြတ်များကို ထိုအုပ်စုများအားလုံး ရရှိခံစားနိုင်စေရန် ရည်ရွယ်ဆွေးနွေး သုံးသပ်ခဲ့ကြပါသည်။ အုပ်စု ၄စု ခွဲ၍ ဆန်းစစ်ခဲ့ကြပြီး ကျေးရွာတွင်း အလုပ်အကိုင် အခွင့်အလမ်းများ အတွက် မည်သူတို့အား ဦးစားပေး၍ စဉ်းစားပေးသင့်ကြောင်း သုံးသပ် တွေ့ရှိခဲ့ကြပါသည်။ ယခုထက်ပို၍ ကျေးရွာအတွင်း ဥစ္စာဓန အနေအထားကွာခြားမှုအား လျှော့ချရန် မည်သို့လုပ်ဆောင်သင့်ကြောင်း၊ ချို့တဲ့သောအုပ်စု များတွင်ပါဝင်သူ အရေအတွက် လျော့ပါးရန် နောင်တွင်မည်သို့ စီမံဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

(ဃ) အဖွဲ့အစည်း ချိတ်ဆက်ပြ ပုံသုံးသပ်ချက်

ကမ်းပျိုကျေးရွာ တွင်ရှိသော ကျေးရွာလူထု အနေဖြင့် မိမိတို့ ကျေးရွာအတွင်းရှိ အဓိကအုပ်စုများ၊ အဖွဲ့အစည်းများ ရှိနေမှုကို သိရှိစေရန်နှင့် ၎င်းအဖွဲ့အစည်းအုပ်စုများ တစ်ခုနှင့် တစ်ခု ဆက်စပ်မှု ရှိပုံတို့ကို သိရှိစေရန် ရည်ရွယ် သုံးသပ်ခဲ့ကြပါသည်။ ထို့ပြင် ကျေးရွာလူထုအနေဖြင့် အကြောင်းတစ်စုံတစ်ရာ လိုအပ်ချက်များရှိပါက အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက် တတ်စေရန် ရည်ရွယ်ပါသည်။ ကမ်းပျို ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့ တို့တည်ရှိပြီး စည်းလုံး ညီညွတ်မှု အားကောင်းစွာဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက် ဆောင်ရွက်မှုများရှိကြောင်း ရေးဆွဲဖော်ထုတ် သုံးသပ်နိုင်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ


(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ်များ အပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်





အရင်းအမြစ်များ အပေါ် အသုံးပြုနိုင်မှု

(င) အရင်းအမြစ် အသုံးပြုမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်

ကမ်းပျို ကျေးရွာအတွင်းရှိ အရင်းအမြစ်များအား အမျိုးသားနှင့် အမျိုးသမီးတို့မှ ပိုင်ဆိုင်မှု၊ အသုံးပြုမှု၊ ထိန်းချုပ်မှုတို့အား ခွဲခြမ်းစိတ်ဖြာ၍ ကွဲပြားစွာ သိရှိစေရန် ရည်ရွယ် သုံးသပ်ခဲ့ပါသည်။ အရင်းအမြစ် ပိုင်ဆိုင်မှု အသုံးပြုမှု တို့တွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံးသည် အိမ်တွင်ရှိသော ပစ္စည်းဥစ္စာ အများစုနှင့် ကျေးရွာအတွင်းတွင် ရှိသော လမ်း၊ တံတား၊ ချောင်း၊ အဆောက်အဦ စသော အရင်းအမြစ်များကို တူညီစွာ ပိုင်ဆိုင် အသုံးပြုကြသည်ကို တွေ့ရပါသည်။ ထိန်းချုပ်မှု၊ ဆုံးဖြတ်ချက်ချမှု အပိုင်းတွင်လည်း အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့ ကျွမ်းကျင်လိမ္မာ မှုအပေါ်မူတည်၍ တိုင်ပင်ဆွေးနွေးကာ ထိန်းချုပ် ဆုံးဖြတ်ကြကြောင်း ဆွေးနွေး ခဲ့ကြပါသည်။ ထို့ကြောင့် အရင်းအမြစ်များအပေါ် အသုံးချမှု၊ ထိန်းချုပ်မှုတွင် အမျိုးသား၊ အမျိုးသမီး တန်းတူ အသုံးပြုခွင့်၊ ဆုံးဖြတ်ခွင့် ရရှိနေကြသည်ဟု သုံးသပ်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၈) ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

(စ) ပင့်ကူအိမ်သုံးသပ်ချက်

ကမ်းပျို ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ ကျား-မ ရေးရာကဏ္ဍ ပင့်ကူအိမ်ရေးဆွဲခြင်းဖြင့် ကျေးရွာတွင်းရှိ အမျိုးသမီးများ၏ အခြေအနေကို နားလည်သဘောပေါက်စေရန်နှင့် နေ့စဉ်ဘဝ ဆောင်ရွက်မှုတို့တွင် အမျိုးသားနှင့် အမျိုးသမီး ပါဝင်ဆောင်ရွက်နိုင်မှု အချိုးတို့ကို သိရှိစေရန် ရည်ရွယ်သုံးသပ်ခဲ့ပါသည်။ ကမ်းပျို ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့၏ အခြေအနေကို ခေါင်းစဉ်ငယ်များခွဲ၍ ဆွေးနွေးစေခဲ့ရာ (၁) ဝင်ငွေရရှိမှု၊ (၂) အလုပ်အကိုင်၊ အခွင့်အလမ်း၊ (၃) ရပ်ရေးရွာရေး၊ လူမှုရေးနှင့် (၄) ပညာရေးလက်လှမ်းမီမှု၊ (၅) လုံခြုံမှုအပိုင်းများတွင် အမျိုးသားများနှင့် တန်းတူလုပ်ဆောင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များ ရရှိကြပြီး၊ အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ခွင့် ဆုံးဖြတ်ခွင့် မရကြောင်းနှင့် အိမ်တွင်းမှုကိစ္စများကို အမျိုးသမီးများမှ အပြည့်အဝ တာဝန်ယူထားရကြောင်း၊ အမျိုးသားများအနေဖြင့် ခွဲဝေတာဝန်ယူမှုများ ရှိသော်လည်း အနည်းအကျဉ်း မျှသာဖြစ်ကြောင်း ဆွေးနွေးထားခဲ့ကြပါသည်။ ထို့ကြောင့် အရေးကြီးသော အခန်းကဏ္ဍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများအနေဖြင့် ယုံကြည်မှုအပြည့်ဖြင့် မဆုံးဖြတ်ရဲကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ကျား-မ ရေးရာကဏ္ဍ ပင့်ကူအိမ်အား ခြုံငုံသုံးသပ်ပါက အမျိုးသားများအနေဖြင့် အိမ်တွင်းမှုကိစ္စများအား ခွဲဝေတာဝန်ယူခြင်း၊ အရေးကြီးသည့် ရပ်ရေးရွာရေး ဆုံးဖြတ်ချက် ချမှတ်ရာတွင် အမျိုးသမီးများအား နေရာပေးခြင်းဖြင့် ကမ်းပျိုကျေးရွာသည် ထို့ထက်မက ဖွံ့ဖြိုးတိုးတက်သော ကျေးရွာကလေးဖြစ်မည်ဟု ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲ ပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

(ဆ) ကျေးရွာ၏ အခက်အခဲ အတားအဆီးများအပေါ် သုံးသပ်ချက်

ကမ်းပျို ကျေးရွာ၏ အခက်အခဲ အတားအဆီးများကို ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာဖွံ့ဖြိုးရေး အတွက် အနှောင့်အယှက် အတားအဆီး အခက်အခဲလိုအပ်ချက်များကို ကိုယ်တိုင် သိရှိပြီး မည်သို့ကျော်လွှား ဖြေရှင်းရမည်ကို တိုင်ပင်ဆွေးနွေး ဆုံးဖြတ်တတ်စေရန် ရည်ရွယ်ပါသည်။ ကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်ရာတွင် အမျိုးသားနှင့် အမျိုးသမီးများကို သီးခြားခွဲ၍ဆွေးနွေး စေခဲ့ရာ တူညီသော အချက်များရှိနေသည်ကို တွေ့ရှိပါသည်။ ကျေးရွာ၏ အဓိကဖြစ်ပေါ်နေသော ပြဿနာမှာ (၁) လျှပ်စစ်မီးမရှိသည့် အခက်အခဲ (၂) ရွာထိပ်တံတား မကောင်းသည့် အခက်အခဲ (၃) ဆေးပေးခန်းမရှိသည့် အခက်အခဲ (၄) ဂင်ငွေနှင့် ထွက်ငွေ မမျှတသည့် အခက်အခဲ များဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကမ်းပျို ကျေးရွာ၏ အခက်အခဲများကို ဖော်ထုတ်ခြင်းဖြင့် ကျေးရွာလူထုအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခက်အခဲ အတားအဆီး လိုအပ်ချက်များကို သိရှိနိုင်ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း တွေ့ရှိနိုင်လိမ့်မည် ဟု သုံးသပ်ခဲ့ကြပါသည်။ အခက်အခဲ အတားအဆီးများကို ဖော်ထုတ် ရာတွင် တက်ရောက်လာသူ ကျေးရွာလူထုအားလုံး စိတ်ပါဂင်စားစွာ ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဇ) ကျေးရွာ မျှော်မှန်းချက် အပေါ် သုံးသပ်ခြင်း





မျှော်မှန်းချက်

(၈) ကျေးရွာ၏ မျှော်မှန်းချက်အပေါ် သုံးသပ်ချက်

ကမ်းပျို ကျေးရွာ၏ မျှော်မှန်းချက်များကို ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာလူထုအား မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ရေရှည်ချမှတ် အကောင်အထည်ဖော်တတ်စေရန် ရည်ရွယ်ခဲ့ပါသည်။ အမျိုးသား အမျိုးသမီး နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ရာ (၁) လျှပ်စစ်မီးရရှိရန် (၂) ကုန်ထုတ်တံတား ကောင်းမွန်ရန် (၃) ဆေးပေးခန်း (၄) ကွန်ကရစ်လမ်း (၅)အုပ်စုတွင်းအထက်တန်းအဆင့် ပညာသင်ခွင့်ရရှိရန် နှင့် လူငယ်များအလုပ်အကိုင် အခွင့်အလမ်းများရရှိရန် မျှော်မှန်းထားကြောင်း ဆွေးနွေးခဲ့ကြ ပါသည်။ ကျေးရွာ၏ မျှော်မှန်းချက်များကို ဖော်ထုတ်ခြင်းဖြင့် မိမိတို့ကျေးရွာအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ရာတွင် လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရာတွင် လည်းကောင်း ကျေးရွာလူထုအနေဖြင့် မိမိတို့၏ မျှော်မှန်းချက်များ အောင်မြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှု တွင် လည်းကောင်း အထောက်အကူ ပြုနိုင်လိမ့်မည်ဟုလည်း သုံးသပ် ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာ၏ မျှော်မှန်းချက်များကို ဖော်ထုတ်ရာတွင် အစည်းအဝေး တက်ရောက်လာသူ အားလုံး ပူးပေါင်းပါဝင် ဖော်ထုတ်ခဲ့ကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊ အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်


ကျေးရွာ- ကမ်းပျို ဦးစားပေးလုပ်ငန်းရွေးချယ်သတ်မှတ်ခြင်း

| ဦးစားပေးလုပ်ငန်းများ | အဆိုပြုသူ ကျား | အဆိုပြုသူ မ | စုစုပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ရွာချင်းဆက်ကားလမ်းပြုပြင်ခြင်း | ၁၃ | ၁၅ | ၂၈ | ၁ |
| ဘက်စုံသုံးခန်းမ | ၀ | ၀ | ၀ | ၂ |

ဦးစားပေးလုပ်ငန်းများ

## (၈) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်

ကမ်းပျို ကျေးရွာ အနေဖြင့် မိမိတို့ကျေးရွာတွင် အမှန်တကယ် လိုအပ်နေသော လုပ်ငန်းများကို တတိယနှစ်စီမံကိန်း လုပ်ငန်းအတွက် ဆွေးနွေး ဖော်ထုတ် ခဲ့ကြပါသည်။ ဦးစားပေး လုပ်ငန်းများကို ဖော်ထုတ်ရခြင်း ရည်ရွယ်ချက်မှာ ကျေးရွာလူထုအနေဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော လုပ်ငန်းများကို ညှိနှိုင်း တိုင်ပင်၍ ညီညွတ်စွာ ဆွေးနွေး ဖော်ထုတ်တတ်စေရန် ရည်ရွယ်ပါသည်။ အမျိုးသား အမျိုးသမီး နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ပါသည်။ ကျန်ရှိနေသော စီမံကိန်းစက်ဝန်းများအတွက် (၁) ရွာချင်းဆက် တံတားပြုပြင်ခြင်း နှင့် (၂) ဘက်စုံသုံးခန်းမ လုပ်ငန်းများကို ကျေးရာလူထု၏ သဘောတူညီမှုဖြင့် ဦးစားပေးအဆင့်များ ရွေးချယ် သတ်မှတ်ခဲ့ကြပါသည်။ ရွေးချယ်ထားသော လုပ်ငန်းခွဲများသည် ကျေးရွာလူထု အားလုံး အကျိုးခံစားခွင့် ရှိသည်ကို တွေ့ရှိရပါသည်။ ဦးစားပေး လုပ်ငန်းများကို တက်ရောက်လာသူ ကျေးရွာလူထု အားလုံးမှ စိတ်ပါဝင်စားစွာ ဆွေးနွေးတိုင်ပင် ဖော်ထုတ်ခဲ့ကြပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ အလုံ ကျေးရွာ။ ။ ကမ်းပျို

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၁. ၉ . ၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးကျော်ဦး | ၀၉၇၇၁၀၉၃၁၆၄ |
| ၂ | | ဥက္ကဌ | ဒေါ်သီတာဦး | ၀၉၇၉၇၆၁၂၇၅၀ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စုစုလှိုင် | - |
| ၄ | | အဖွဲ့ဝင် | ဦးသန်းမင်းထိုက် | ၀၉၇၆၆၀၇၈၉၂၄ |
| ၅ | | အဖွဲ့ဝင် | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်လှကြည် | - |
| ၇ | | အဖွဲ့ဝင် | ဦးဇော်မင်းဦး | ၀၉၄၂၁၅၄၉၁၉၈ |
| ၈ | | အဖွဲ့ဝင် | | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်း ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်နှင်းမို့မို့ | - |
| ၁၀ | | အဖွဲ့ဝင် | ဦးဌေးနိုင်ဦး | ၀၉၇၆၂၁၄၃၈၈၅ |
| ၁၁ | | အဖွဲ့ဝင် | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်သင်းသင်းမော် | ၀၉၇၆၆၈၇၇၂၆၄ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမျိုးအောင် | ၀၉၇၈၁၂၁၁၆၆၈ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ခင်ချိုဦး | - |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးရှိုင်းမင်းထက် | - |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်စန်းအိ | ၀၉၉၇၉၈၁၅၂၄၉ |

တာဝန်ကျဝန်ထမ်းများ ဒေါ်ပွင့်ဖြူအောင် ဒေါ်နိုင်ဖူးဝေကျော်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | | |
|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး မြင့်အေး | | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ပွင့်ဖြူအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကြံခင်း | | ကျေးရွာအုပ်စု ဘဂို | | ကျေးရွာ ကမ်းပျဉ် | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | က - ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | – | – | |
| စစ်ဘေးရှောင် | – | – | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၃၉ | ၄၁ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၄ | ၄ |

**(ခ)** အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | |
| | | | | | | | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *[မှ]တ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း ✓ | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---½---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---70 min--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---70 min--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

---

(၁) -----------------------------------

(၂) -----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးလှိုင်ဝင်း

လက်မှတ် — နေ့စွဲ 21.9.17

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ပွင့်ဖြူကောင်

လက်မှတ် — နေ့စွဲ 21.9.17

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/~~သက်ထောက်နည်းပညာနည်းပညာ~~မှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ပွင့်ဖြူကောင် | | | |
| နေ့စွဲ 21.9.17 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု နှံသုံ | ကျေးရွာ ကမ်းပျဉ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 21.9.17 | 21.9.17 | 73 | 75 | 28 | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 21.9.17 | 21.9.17 | 73 | 75 | 28 | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ပွင့်ဖြူကောင် | | | |
| နေ့စွဲ 21 . 9 . 17 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ကံမ | ကျေးရွာအုပ်စု နာလုံ | ကျေးရွာ ကမ်းပျံ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | | |
|---|---|---|---|---|---|
| ၁ | ပုံမှန်ဝင်ငွေမရှိသည့် အခက်အခဲ | ၈ ရှာထိပ်တံတားမဆိုင်သန့်ခြင်း အခက်အခဲ | ၁ | ပညာတတ်နည်းပါးသည့် အခက်အခဲ | ၈ ကျောင်းပညာရေးအတွက် မီးမရှိသည့် အခက်အခဲ |
| ၂ | လုပ်ငန်းရှင် မရှိသည့် အခက်အခဲ | ၉ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၂ | ဝင်ငွေ ထွက်ငွေ မမျှတခြင်း | ၉ အလုပ်အကိုင်ရှားပါးခြင်း၊ |
| ၃ | ပညာတတ်နည်းပါးသည့် အခက်အခဲ | ၁၀ မွေးမြူရေးအတွက် အရင်းအနှီး မရှိသည့်အခက်အခဲ | ၃ | ပုံမှန်ဝင်ငွေ မရှိခြင်း | |
| ၄ | ဝင်ငွေထွက်ငွေ မမျှတသည့် အခက်အခဲ | ၁၁ စိုက်ပျိုးရေးနည်းပညာ မရှိသည့် အခက်အခဲ | ၄ | ကျပန်းအလုပ်သမားများ များခြင်း | |
| ၅ | လက်လုပ်လက်စားများများသည့် အခက်အခဲ | ၁၂ မျိုးကောင်းမျိုးသန့် မရှိသည့် အခက်အခဲ | ၅ | ဆေးပေးခန်း မရှိခြင်း | |
| ၆ | ဆေးပေးခန်း မရှိသည့် အခက်အခဲ | | ၆ | လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း | |
| ၇ | လျှပ်စစ်မီး မရှိသည့် အခက်အခဲ | | ၇ | တံတားမကောင်းခြင်း | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | |
|---|---|---|---|---|---|
| ၁ | တနိုင်တပိုင် မွေးမြူရေးကို စနစ်တကျလုပ်ကိုင်လို | ၈ ရွာချင်းဆက် သစ်သားတံတားကို ကွန်ကရစ်တံတားဖြစ်ရန် | ၁ | စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်များ | ၈ ကွန်ကရစ်တံတား ရှိရန် |
| ၂ | ရွာတွင်း ရွာပြင်ကွန်ကရစ်လမ်း | | ၂ | ကိုယ်ပိုင် မွေးမြူရေးလုပ်ငန်းများ ရှိချင် | ၉ ဆေးပေးခန်း ရှိရန် |
| ၃ | စိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရန် | | ၃ | အလုပ်အကိုင် အခွင့်အလမ်းပေါ်များရန် | |
| ၄ | ဓာတ်ကြည့်တိုက် | | ၄ | ဓာတ်ကြည့်တိုက်ရှိရန် | |
| ၅ | လျှပ်စစ်မီး | | ၅ | လျှပ်စစ်မီး ရရန် | |
| ၆ | ဆေးပေးခန်း | | ၆ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် | |
| ၇ | ပုံမှန်ဝင်ငွေရစေသည့်အလုပ်အကိုင်အခွင့်အလမ်းများ | | ၇ | ပညာတတ် ပေါ်များချင် | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်တံတား ပြုပြင်ခြင်း | ကျ- 73 + မ- 75 = 28 | ၃၂,၀၀၀,၀၀၀ | ၅၇၀ |
| ၂ | ဘက်စုံသုံးခန်း မ | ၈ | ၉,၀၀,၀၀၀ | ၇၀ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တနိုင်တပိုင်မွေးမြူရေး | အမျိုးသား + အမျိုးသမီး | |
| ၂ | တနိုင်တပိုင် စိုက်ပျိုးရေး | အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဦးကျော်ဦး ---- လက်မှတ် ---- (signature) ---- နေ့စွဲ ---- 21. 9. 17 ----

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။)

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | မှင်ဖြူအောင် ၊ ဒေါ်မြင့်ဖူးဝေကျော် | | |
| နေ့စွဲ | ၂၄.၁၀.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရေဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု | အလုံ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရှားဘို | အင်ဂျင်မီး | (၂၈၅၀၀၀)x၃ ၈'x၇'x၇' JD 300, 20KV | ၁၀၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၈၅၀၀,၀၀၀ | – | | | ၈၅၀၀,၀၀၀ |
| အလုံမြောက် | အင်ဂျင်မီး (ကြေးမပါ) | ၅၆၀ဝ..., ၈'x၇'x၇' JD 300, 20KV | ၆၅၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၇၅၀၀,၀၀၀ | – | | | ၇၅၀၀,၀၀၀ |
| သုံးတဲရွာ | အင်ဂျင်မီး | (၁၅၀၀၀၀)x၂ ၈'x၇'x၇' JD 300, 15KV | ၉၁ | ☐ ကျား ☐ မ ☑ ကျား+ မ | ၄၅၀၀,၀၀၀ | – | | | ၄၅၀၀,၀၀၀ |
| သာယာကုန်း | ဘက်စုံသုံးခန်းမ | ၂၀'x၃၆' | ၁၂၃ | ☐ ကျား ☐ မ ☑ ကျား+ မ | ၉၀၀၀,၀၀၀ | – | | | ၉၀၀၀,၀၀၀ |
| ကြာအင်းလေး | ရေစင်၊ရေစက်ရုံ၊ ရေပိုက်သွယ်တန်းခြင်း | ၈'x၈'x၁၅' ၆'x၅'x၇' ၂၂၀၀' | ၁၈၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၄၉၀၀,၀၀၀ | - | ၁၀၀၀၀၀ | (ဒုနှစ် လက်ကျန်) | ၅၀၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

၃၄,၇၀၀,၀၀၀

ဒေါ်ခိုင်းဆိုင်း ၂၄.၁၀.၁၇ (signature)

ဦးသန်းမိုးမြင့် ၂၄.၁၀.၁၇ (signature)

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလကြွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | | |
| | | | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် ------ ဒေါ်[illegible] ------

လက်မှတ် ------ [signature] ------    ရက်စွဲ ------ 24.10.17 ------

၁၃။ (က) ပထမအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း

ရောဂတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ အလုံအုပ်စု၊ ကမ်းပျို ကျေးရွာ၏ တတိယနစ်စက်ဂန်း ပထမအကြိမ် ကျေးရွာအစည်းအဝေးကို (၂၁.၉.၂၀၁၇) နံနက် ၉း၀၀အချိန်တွင် ကမ်းပျို ကျေးရွာ တွင် ကျင်းပခဲ့ပါသည်။ ပထမဦးစွာ လူထုစည်းရုံးရေးမှူး ဒေါ်ပွင့်ဖြူအောင်၊ ဦးစည်သူအောင်၊ လက်ထောက်နည်းပညာမှူး ဒေါ်ခိုင်ဖူးဝေကျော် တို့မှ မိတ်ဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ပွင့်ဖြူအောင်မှ လူထုဗဟိုပြုစီမံကိန်း အကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပါသည်။ ပြီးနောက် စေတနာ့ဝန်ထမ်းများ၏ တာဝန်နှင့်ဝတ္တရားများ အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာလူထုအား စေတနာ့ဝန်ထမ်း ရွေးချယ်စေခဲ့ရာ ဦးရှိုင်းမင်းထက် နှင့် ဒေါ်ခင်စန်းအိ တို့အား ရွေးချယ်ခဲ့ကြပါသည်။ ပြီးနောက် စီထောက်ကော်မတီ နှင့် အခြားပါဝင်သူများ၏ တာဝန်ဝတ္တရားများ အကြောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး စီထောက်ကော်မတီ ရွေးချယ်စေခဲ့ရာ စီထောက်ဥက္ကဋ္ဌ အဖြစ် ဦးကျော်ဦး၊ ဒေါ်သီတာဦး၊ ဝယ်ယူရေးဆပ်ကော်မတီအဖြစ် ဒေါ်စုစုလှိုင်(ခေါင်းဆောင်)၊ ဦးသန်းမင်းထိုက်၊ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီအဖြစ် ဒေါ်လှကြည်(ခေါင်းဆောင်)၊ ဦးဇော်မင်းဦး၊ လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ အဖြစ် ဒေါ်နှင်းမို့မို့(ခေါင်းဆောင်)၊ ဦးငွေးနိုင်ဦး၊ ကျေးရွာ ငွေစာရင်းကိုင် အဖြစ် ဒေါ်သင်းသင်းမော် ၊ အကြံပြုတိုင်ကြား ဖြေရှင်းရေး ဆပ်ကော်မတီအဖြစ် ဦးမျိုးအောင်၊ ဒေါ်ခင်ချိုဦး တို့အား ကျေးရွာလူထုမှ ရွေးချယ် တင်မြောက်ခဲ့ကြပါသည်။ ကော်မတီဝင်များ ရွေးချယ်ပြီးနောက် အဖွဲ့များခွဲ၍ လူမှု ဆန်းစစ်ခြင်းများအား ပြန်လည်ဆန်းစစ် သုံးသပ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ပြီးနောက် အမျိုးသား၊ အမျိုးသမီး အဖွဲ့ခွဲ၍ ကျေးရွာ၏ အခက်အခဲပြဿနာများ၊ မျှော်မှန်းချက်များအား ပြန်လည်သုံးသပ် ရေးဆွဲစေခဲ့ရာ တတိယနစ် စက်ဂန်းတွင် အပြောင်းအလဲမရှိကြောင်း ရေးဆွဲ ဖော်ထုတ်ခဲ့ကြပါသည်။ နေ့လည် ၁၂း၀၀အချိန်တွင် အစည်းအဝေးပြီးဆုံးကြောင်း ကြေငြာခဲ့ပြီး နေ့လယ် ၁း၀၀ နာရီတွင် ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၃။ (ခ) ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း

ကမ်းပျို ကျေးရွာ၏ တတိယနှစ်စက်ဝန်း ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေးကို (၂၁.၉.၂၀၁၇) နေ့လည် ၁း၀၀ နာရီခန့်တွင် ပြန်လည်စတင်ခဲ့ကြပါသည်။ လက်ထောက်နည်းပညာမှူး ဒေါ်ခိုင်ဖူးဝေကျော်မှ အစည်းအဝေးစတင်ကြောင်း ကြေငြာခဲ့ပြီး စီမံကိန်းလုပ်ဆောင်ရာတွင် လိုက်နာရမည့် သဘာဝပတ်ဝန်းကျင် အကာအကွယ်နှင့် လူမှု အကာအကွယ်များအကြောင်းကို ကျေးရွာလူထုနှင့် အသေးစိတ်အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။ လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အကြောင်းအရာများအား အသေးစိတ်ပြန်လည်ဆွေးနွေး ခဲ့ကြပြီး ယခင်နှစ်စက်ဝန်းများတွင် လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအား မည်သို့ဆောင်ရွက်ခဲ့ကြောင်း မေးမြန်းဆွေးနွေးခဲ့သည်။ အကျုံးမဝင်သော စီမံကိန်းလုပ်ငန်း ခွဲများအကြောင်း ဆက်လက် ဆွေးနွေးပြီးနောက် လူထုစည်းရုံးရေးမှူး ဒေါ်ပွင့်ဖြူအောင်မှ တတိယနှစ် စီမံကိန်းအတွက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်စေခဲ့ပြီး ကျေးရွာလူထုအား မဲပေးရွေးချယ်စေခဲ့သည်။ မဲပေးရွေးချယ်မှုရလဒ်အရ ၁။ ရွာချင်းဆက်တံတား ပြုပြင်ခြင်း ၂ ။ ဘက်စုံသုံးခန်းမ ရရှိခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ လိုက်နာရမည့် ကျင့်ဝတ်များနှင့် ဆောင်ရန် ရှောင်ရန်များ အသေးစိတ် ရှင်းပြခဲ့ပြီး ကော်မတီဝင်များအား ကျေးရွာလူထုရှေ့တွင် လိုက်နာပါမည်အကြောင်း လက်မှတ်ရေးထိုး စေခဲ့သည်။ ညနေ ၄း၀၀ အချိန်တွင် အစည်းအဝေးပြီးဆုံးကြောင်း ကြေငြာခဲ့ပြီး ဒုတိယအကြိမ်ကျေးရွာ အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

၁၄. ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ရွာချင်းဆက်တံတားပြုပြင်ခြင်း | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ဘက်စုံသုံးခန်းမ | ကျား+မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၄ | တနိုင်တပိုင်မွေးမြူရေး | ကျား+ မ | ၂၀၁၈ | ကျေးရွာလူထု | |
| | ၅ | တနိုင်တပိုင်စိုက်ပျိုးရေး | မ | ၂၀၁၈ | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |